ကိန္နရီလစဉ်

# မင်းမြတ်သူရ

နဝရတ်ကိုးသွယ်



တစ်နေ့သဒ္ဓမြစ်ဝကျွန်းပေါ်အရပ်ရှိတံငါလေ့များကျက်စားရာကွင်းကြီးအတွင်းတောင်လေနှင့်အတူမိုးတဖွဲဖွဲကျလာ၏၊လေနှင့်မိုးကြောင့်ကွင်းရေသည်လှိုင်းတံပိုးများအသွင်ကူးခဲ့လေပြီ၊ထိုဝန်းကျင်ကိုအံတုရင်းတံငါလှေတစ်စင်းသည်တရိပ်ရိပ်ရွေ့လျားနေသည်..




သည့်နောက်ပိုင်းမိုးကြားလေကြား၌ပင်သားအဖနှစ်
ယောက်သည်၎င်းတို့ပိုက်ချထားရာဗေဒါစုများကြား
သို့လှေကိုလှော်ခတ်ခဲ့ပါ၏၊မကြာမီရေထဲတွင်ချ
ထားသည့်ပိုက်အားစိတ်လှုပ်ရှားစွာနှင့်သူတို့ရုတ်သိမ်း
ကြသောအခါ..
ဟာ.. ငါးကြင်းတွေငါး ကြင်းတွေကွ၊နည်းတဲ့ ကောင်ကြီးတွေမဟုတ် ဘူးဟ၊အဟား ဟားဟား..
ဒီလိုမှန်း သိရင်ပိုက်နှစ်တန်း လောက်ချတယ်ကွာ၊ဒေါ်ပြား ကြီးကရတဲ့ငါးသာသူ့ဆီ မှာရောင်းရရင်ပိုက်လည်း ငှားတယ်လို့ပြောသံကြား တယ်သားရေ..


ဒေါ်ပြားကြီးဆီက ပိုက်ငွေလို့ရလည်းဘာထူးမှာလဲအဖေရာ၊အဖေ့ငါးတွေကိုဈေးအများကြီးနှိမ်ဝယ်တာနဲ့ သူ့ပိုက်ငွေအခတောင်ပြန်ကြွေးတင်ခံရဦးမယ်အဟဲ..
သားဖြစ်သူ၏အရွန်းအနောက်စကားအတွက်ဖခင်ဖြစ်သူသည်အချိန်ဆွဲ၍ပင်မပြုံးနိုင်အားငါးများမိနေသောပိုက်အားအစမှသည်အဆုံးအထိလှေပေါ်သို့ရုတ်သိမ်းပြီးရန်ခပ်သွက်သွက်လှုပ်ရှားခဲ့၏...
မြန်မြန်လုပ်ငါ့သားရေဟိုအင်စပက်တော်ကောင်ရောက်လာရင်တို့ပိုက်လေးသိမ်းပြီးအမှုလုပ်နေဦးမယ်..


မိုးနှင့်လေသည်ရေ့ဝါးတစ်ရိုက်သာသာမြင်ကွင်းကိုပင်မမြင်ရလောက်အောင်ပြင်းထန်စွာဖန်ဆင်းခဲ့ပြီးလှိုင်းလေးများနှင့်အန္တရာယ်ကြားပင်ဖြစ်သော်လည်းယနေ့အတွက်တော့သူတို့သည်ထိုအန္တရာယ်များကိုဥပေက္ခာပြုပြီးပိတ်ဖြစ်ခဲ့ရပြန်ပြီတည်း..
ကဲသား ပိုက်လည်းရုပ်ပြီး ပြီအဖေတို့ရွာဘက် ကိုခပ်သုတ်သုတ် ပြန်ကြစို့.
၁
ဖခင်ဖြစ်ရသူ၏သတိပေးမှုအဆုံးတွင် လှေငယ်သည်မှုန်မှုန်ပျပျပင်မမြင်ရ သည့်သူတို့ရွာလေးဆီသို့..

ဒေါ်ပြားကြီးအိမ်သည်ရွာလယ်၌သွပ်မိုးပျဉ်ကာနှင့်ခမ်းခမ်းနားနားတည်ရှိ၏။သူရောက်ချိန်တွင်ဒေါ်ပြားကြီးသည်အိမ်ပေါ်၌ပြောင်းဖူးဖက်ဆေးလိပ်အားထောင်းထောင်းတမြှုပ်ဖွာလျှက်..




အိုး
မနှိမ်လို့ဘယ်ဖြစ်မလဲ
ကြွေးတော့အကုန်နှိမ်ရမှာ
ပဲနင်တို့ယူထားတဲ့ကြွေးက
ကတိတိနဲ့များလည်းများနေ
ပြီလာမဆပ်တာလည်း
ကြာနေပြီ..
ပြီးတော့
နင်တို့ယူထားတဲ့
ကြွေးကိုဒင်္ဂါးတွေအကုန်
ယူပြီးနှိမ်ရင်တောင်ကျေ
မှာမဟုတ်ဘူးနင်မကျေ
နပ်ရင်နင့်အဖေလွှတ်
လိုက်..
တက
တည်းတော်ကြွေးယူ
တုန်းကယူပြီးငါးသွင်းကြွေး
ချေကာနီးကျတော့ခက်လိုက်
တဲ့လက်တွေများဟင်း...ဒါ
ကြောင့်ဒင်းတို့နဲ့မဆက်
ဆံချင်တာ..


ဒီမယ် ဒေါ်ပြားကြီးတစ်ရွာတည်းသားချင်းစကားကိုအဲ လောက်တင်တင်စီးစီးမပြောပါနဲ့ ကြွေးအကုန်လုံးနှိမ်မယ်ဆိုလည်းရတယ်၊ကျုပ်တို့အငတ်ခံလိုက်မယ်..
အောင်မယ် အောင်မယ်ရင်မောင်သားကအလာကြီးပါလား ဟဲ့ဟင်ဘာလဲငါကနင်တို့ကိုတစ်ရွာတည်းသားတွေဆိုပြီးရှေ့ပြည်အေးတရားဟောရမှာလား..
၁
ဒီလိုသာ ဟောနေရင်ငါက မင်းငတ်လို့သေတာကြာပြီ သိလားနင်တို့လိုဟာတွေ ကခုလောက်တင်စီးပြောမှ ရင့်ရင့်သီးသီးပြောမှ ရတာဟဲ့..
ငါးတွဲကိုပစ်ချခဲ့ပြီးဒေါ်သတို့အားမျိုးသိပ်ရင်းကျော့ခိုင်းထွက်လာသောသူ့နောက်သို့ဒေါ်ပြားကြီး၏ရင့်သီးတင်စီးသောစကားလုံးများကအတန်ကြာကပ်ပါလာခဲ့၏..

ဒေါသအားနှင့်ရွာလယ်လမ်းမအတိုင်းလျှောက်နေမိသောသူ
သည်ဘယ်ဆီရောက်လာ၍ရောက်လာမှန်းမသိ၊ထို့အတူ
ဒေါပြားကြီးဆီမှငွေအတန်အသင့်ရမည်ထင်ပြီးမိမိအားအိမ်
မှစောင့်မျှော်နေမည့်အဖေနှင့်အမေအတွက်လည်းသူဘာ
ဆက်လုပ်ရမည်မသိ..





ဒီနေ့ငါးတွေရလာလို့အရမ်းပျော်ရွှင်နေတဲ့
အဖေ့ဆန္ဒကသူ့အတွက်လုံချည်လေးတစ်
ထည်ဝယ်ပေးမယ်တဲ့၊ပြီးရင်ပန်းနာရင်ကျပ်
ရောဂါနဲ့အိပ်ရာထဲလဲနေတဲ့အမေ့အတွက်
ဆေးတစ်ဖုံလည်းဝယ်ဦးမယ်တဲ့..

ခုတော့ဆေးတစ်ဖုံ၊လုံချည်တစ်ထည်
ဆိုတာဝေလာဝေးပြီးညနေအတွက်
ချက်စရာဆန်ဖိုးကိုမရှိတော့ဘူး
အဖေကျုပ်တို့ဘဝဟာဘာလို့များ
ဒီလောက်ထိဆင်းရဲနှိမ်ချခံနေရ
တာများလဲအဖေ..








ဘာပဲဖြစ်ဖြစ်အဖေအမြော်အမြင်ရှိရှိနဲ့ အိမ်မှာချန်ထားတဲ့ငါးမြစ်ချင်းအချို့ကိုသားပြန်မလာသေး
ရင်အဖေတခြားတစ်ယောက်ယောက်ဆီသွားရောင်းမှာပဲမဟုတ်လား..

သွားရောင်းပါအဖေရယ်၊အဲလိုသွားရောင်းလို့ရတဲ့ငွေထဲကနေသားတို့ရဲ့ဒီနေ့ညစာအတွက် အဖေ
တစ်နည်းနည်းဝယ်ပါ၊အဲဒီအပြင်အဖေသောက်တတ်တဲ့မီးတောက်ချက်အရက်ကလေးတစ်ခွက်
တစ်ဖလားသောက်ချင်တယ်ဆိုရင်လည်းရွာဖျားကကိုခေါင်းကြီးဆိုင်ကိုအဖေဝင်လို့ရပါသေးတယ်
ပြီးရင်တော့အဖေဒီညနေငါးရောင်းရတဲ့ငွေထဲကကျန်တဲ့ငွေနဲ့အမေ့အတွက်ဆေးတစ်ပုံတော့
မဖြစ်မနေဝယ်ရမယ်..




မနှစ်ကစီးပွားရေးမကောင်း၍ဝမ်းစာစပါး
မလှောင်လိုက်သဖြင့်သည်နှစ်မှာပို၍ဒုက္ခ
ရောက်ကြရခြင်းမဟုတ်လား။ဒီကြားထဲမိမိတို့
ပိုက်စုတ်လေးနှစ်ထည်အားအင်စပက်တော်နှင့်
အဖွဲ့ကသက်သေအဖြစ်သိမ်း၍ရုံးတင်အမှုဖွင့်
သဖြင့်ပိုက်များဆုံးရသည့်အပြင်ဒဏ်ငွေပါ
ရိုက်ခံရသေးသည်..။
ထိုအရာများကြောင့်ယခုအချိန်တွင်မှုသူတို့
မိသားစုသည်ရေဖွေးဖွေးကိုမြင်နေရပါလျက်
ငါးဖမ်းခွင့်မရသူများဖြစ်နေရပြီး..

တံငါတို့ငါးဖမ်းခွင့်မရှိတော့ဘူးဆိုလျှင်မည်သည့်အလုပ်ကိုလုပ်ကိုင်စားသောက်ရမည်နည်း။ဤမျှကျပ်တည်းဆင်းရဲကြရပါသည်ဆိုပါမှယခုဆိုသူ့မိခင်ဒေါ်တင်ရီသည်ပန်းနာရင်ကျပ်ရောဂါနှင့် အိပ်ရာထဲဘုံးဘုံးလဲခဲ့ပြီး မိခင်ရောဂါသည်တစ်နေ့မှသက်သာသည်မရှိပေ..



ပြင်းသောမိုးခြိမ်းသံတစ်ခုနှင့်လေသံမိုးသံကြောင့်တဲအိမ်လေးမှာသိမ့်သိမ့်တုန်နေလေသည်၊သူနှင့်
ခပ်လှမ်းလှမ်းရှိဖခင်သည်အိပ်ရာထက်၌အမောဖောက်ပြီးလှဲနေသောမိခင်အားမရိုတင်ကဲနှင့်
ရူရူပိုင်းပိုင်းကြီးကြည့်နေသည်..







ဖခင်တွင်လည်းလုံးလုံးအကြံကုန်နေပုံပင်၊
ယခုရက်ပိုင်းတွင်ကွင်းထဲ၌ ငါးခိုးဖမ်းသူ
များပေါများလှသဖြင့်အင်စပက်တော်
နှင့်အဖွဲ့၏လောင်းလှေသည်ကွင်းထဲ
တွင်နေ့စဉ်နီးပါးလှည့်လည်သွားနေခဲ့
သည်..

ဤသို့သောအခြေအနေတွင်ကွင်းထဲသို့မိမိတို့သားအဖဆင်းပါကအလွန်မိုက်မဲရူးသွပ်ရာကျမည်ကို
သူသိသည်၊သို့သော်အမောဖောက်သဖြင့်နိမ့်တုန်မြင့်တုန်မိခင်၏ရင်ဘတ်ကိုငေး
မိနေသောသူသည်ဆုံးဖြတ်ချက်တစ်ခုကိုချဖြစ်အောင်ချမှဖြစ်တော့မည်...




တိုးတိုးပြောရန်အချက်ပြလိုက်သော ဖခင်သည်သူ့အားအိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေပုံရသောမိခင် အနီးမှခပ်လှမ်းလှမ်းသို့ခေါ်ဆောင် လာ၏...
လုပ်ရမှာ ပေါ့သွားရယ်၊ မင်းအမေအတွက် အဖေတို့တစ်ခု ခုလုပ်ရမှာပေါ့ ဟင်း...
တစ်ခုခု လုပ်ကြမယ်ဆို ပေမဲ့တကယ်တော့ တို့တစ်တွေမှာတခြား ရွေးစရာမရှိပါဘူး သားရယ်၊တစ်ခု တည်းပါပဲ..
တစ်ခုပဲ အဖေတို့လုပ် ရမှာပါ၊အဲဒီတစ်ခု တည်းသောအလုပ် ဆိုတာငါ့သား သိပါတယ်..

ဖခင်၏အက်ကွဲတုန်ရီနေသောစကားသံတို့
ကြောင့်သူ့ရင်သည်နင့်ခနဲဖြစ်သွားပြီးခဏ
တာမျှမှိုင်တွေအားငယ်ရ၏...




မကြာပါသားအဖနှစ်ဦးသည်လိုအပ်
သည့်ပစ္စည်းတချို့ကိုတစ်ယောက်
တစ်လက်ဆွဲ၍အိမ်ထဲမှတိတ်
တဆိတ်ထွက်ခဲ့ကြလေသည်..

သည့်နောက်ပိုင်းတွင်သူတို့ပိုင်လှေအိုလေးသည်ပြင်းထန်လှသောမိုးလေတို့ကိုမျှော်ကြည့်သမျှ
ဘာမှမမြင်ရသည့်မြင်ကွင်းကြီးဆီသို့ထွက်ခွာလာခဲ့ရလေသည်၊ဤအချိန်အထိသူတို့သားအဖ
တွင်မိခင်အတွက်ဝယ်ရမည့်ဆေးဖိုးမပြောနှင့်ယနေ့ညစာအတွက်ဝယ်စရာဆန်ဖိုးပင်မရှိ..








သူကြီး၏ စကားကြောင့်ဖခင်ဖြစ်သူသက်ပြင်းကြိတ်မှိတ်ချမိ၏ ။ဒီလို
ဖြစ်လာမည်ကိုကိုရင်မောင်သိပြီးသားပါအဘယ်ကြောင့်ဆိုသော်သူကြီးဦးသူတော်သည်
ရွာထဲရှိဆင်းရဲသားနင်းပြားများအပေါ်မတော်မတရားလုပ်လွန်းသဖြင့်သူနှင့်မကြာခဏရန်
ပင်ဖြစ်ခဲ့ရသူမဟုတ်ပါလား..




သူဟာ သူကိုယ်တိုင် ကလန်ကဆန်လုပ် ရုံတင်မကဘူးရှာသား တွေကိုလည်းမြှောက် ပင့်ပေးတတ်တဲ့ ကောင်ပါ..
တစ်ခါတုန်း ကအဲလိုမြှောက် ပင့်ပေးထောင်ခဲ့လို့ရှာ သားတော်တော်များများ ဟာအင်းလေလံပွဲတစ်ခု မှာမကျေမနပ်တွေ ဖြစ်ခဲ့ကြပါသေးတယ်..
အခွင့်ရတုန်းနက်မဟဲ့ဟုအားခံထားပုံရသောသူကြီး သည်သူတို့သားအဖအားလက်ညှိုးတထိုးထိုးနှင့်ပင် အင်စပက်တော်အားတိုင်တန်းပြောဆိုနေခဲ့သည်..